Embassy of the Republic of the Union of Myanmar
Via Cortina D Ampezzo No. 50 Rome, Italy
Tel: +39 06 36303753, Fax: +39 06 36298566
Email: merome2010@gmail.com

# ပြည်ပနိုင်ငံများတွင် ရောက်ရှိနေထိုင်လျက်ရှိသော နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ် (Permanent Resident – PR) ကိုင်ဆောင်ထားသည့် မြန်မာနိုင်ငံသားဟောင်းများ/ ကျွမ်းကျင်/ ရင်းနှီး/ ဆက်စပ်နိုင်ငံခြားသားများ သက်တမ်းတိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေ အခန်း-၅၊ အပိုဒ်-၁၆ (ဂ) တွင် **"အမြဲနေထိုင်ခွင့်လက်မှတ် ရရှိသူသည် နည်းဥပဒေခွဲ (က) ပါ အမြဲတမ်းနေထိုင်ခွင့် သက်တမ်းကာလအတွင်း တစ်နှစ်လျှင် တစ်ကြိမ် လက်မှတ်သက်တမ်း အတည်ပြုမှတ်ပုံတင်ရန် တစ်နှစ်မပြည့်မီ ရက်ပေါင်း ၆၀ အတွင်းလိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဌာနစိတ်သို့ ကိုယ်တိုင်လျှောက်ထားရမည်"** ဟုလည်းကောင်း၊ နည်းဥပဒေ အခန်း-၁၂၊ အပိုဒ် ၃၀ တွင် **"နည်းဥပဒေ-၁၆ နှင့်အညီ တစ်နှစ်သက်တမ်း ကုန်ဆုံးပြီး၊ ရက်ပေါင်း (၃၀) အတွင်း သက်တမ်းအတည်ပြုမှတ်ပုံတင်ခြင်းမပြုဘဲ ရက်ပေါင်း (၃၀) ကျော်လွန်ပြီး ရက်ပေါင်း (၉၀) အတွင်း မှတ်ပုံတင်ခြင်းပြုလျှင် ဒဏ်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ (၂၀၀) ကိုလည်းကောင်း၊ ရက်ပေါင်း (၉၀) ကျော်လွန်ပြီး (၁၈၀) အတွင်း သက်တမ်း အတည်ပြုမှတ်ပုံတင်ခြင်းပြုလျှင် ဒဏ်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ (၅၀၀၀) ကိုလည်းကောင်း ပေးဆောင်ရမည်"** ဟုလည်းကောင်း ဖော်ပြထားပါသည်။

၂။ ယခုအခါ ကမ္ဘာအနှံ့အပြား COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် နိုင်ငံအသီးသီးတွင် ရောက်ရှိနေထိုင်ကြသော နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ် (PR) ကိုင်ဆောင်ထားသည့် မြန်မာနိုင်ငံသားဟောင်းများ/ ကျွမ်းကျင်/ ရင်းနှီး/ ဆက်စပ်နိုင်ငံခြားသားများ အနေဖြင့် သက်တမ်းတိုးမြှင့်ခြင်းကို အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း ဖော်ပြအပ်ပါသည်-

(က) မြန်မာနိုင်ငံသားဟောင်းများ/ ဆက်စပ်နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံတွင်ရှိသော မိသားစု/ ဆွေမျိုးများမှတစ်ဆင့် PR လက်မှတ်/ စာအုပ်/ သက်တမ်း ဖော်ပြထားသောနိုင်ငံကူးလက်မှတ်၏ စာမျက်နှာတို့ကို မိတ္တူ၊ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည့် အကြောင်းကြားစာတို့ကို တင်ပြ၍

အမှတ် (၁၁၁)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဌာနစိတ်သို့ ကြိုတင်၍ သတ်မှတ်အခငွေကို ပေးသွင်းပြီး ငွေရပြေစာ ရယူထားခြင်း၊

(ခ) ကျွမ်းကျင်ပညာရှင်နှင့် ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသည့် ကုမ္ပဏီမှ တာဝန်ရှိသူများမှ PR လက်မှတ်/ စာအုပ်/ သက်တမ်း ဖော်ပြထားသော နိုင်ငံကူးလက်မှတ်၏ စာမျက်နှာတို့ကို မိတ္တူ၊ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်သည့် အကြောင်းကြားစာတို့ကို တင်ပြ၍ အမှတ် (၁၁၁)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဌာနစိတ်သို့ ကြိုတင်၍ သတ်မှတ်အခငွေကို ပေးသွင်းပြီး ငွေရပြေစာ ရယူထားခြင်း။

၃။ အပိုဒ် (၂) ပါ အချက်များကို ကြိုတင်ဆောင်ရွက်ပြီးပါက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ် (PR) ကိုင်ဆောင်သူများအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် နှစ်စဉ် သက်တမ်းတိုးမြှင့်ရန် ပေးသွင်းထားသည့် ငွေရပြေစာအား ပြသ၍ သက်တမ်းရှိသော PR ကတ်ပြားအသစ်အား လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အကြောင်းကြားမှုကို အသိပေး ဖော်ပြအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
ROME

မြန်မာသံရုံး၊ ရောမမြို့
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်